Myanmar Centre for Responsible Business

Hanns Seidel Foundation

၂၀၁၆ ခုနှစ်၊ မေလ (၁၆) ရက်။

## သတင်းထုတ်ပြန်ချက်

# သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်သည် ပေလီဒေသ အရှည်တည်တံ့သည့် ခရီးသွားလုပ်ငန်းအတွက် အဓိကအရေးပါသည့် ကိစ္စရပ်ဖြစ်

Hanns Seidal Foundation (HSF) နှင့် မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေးအထောက်အကူပြုဌာန (MCRB) တို့ပူးပေါင်း၍ ပထမဆုံးအကြိမ် နယ်ပယ်အသီးသီးမှ ခရီးသွားလုပ်ငန်းနှင့်သက်ဆိုင်သူများ ပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်အား မေလ ၁၁ ရက်နေ့မှ ၁၃ ရက်နေ့အထိ ပေလီမြို့တွင် ကျင်းပခဲ့ပါသည်။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ ပြည်တွင်း၊ပြည်ပကမ်းခြေခရီးသွားလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ ဒေသခံပြည်သူ များနှင့် တာဝန်ရှိသူများ ၁၀၀ ဦးခန့်တက်ရောက်ခဲ့ကြသည်။ တက်ရောက်သူများထဲတွင် ရခိုင်ပြည်နယ်လွှတ်တော်မှ လွှတ်တော်အမတ်များ၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဒေသခံအရာရှိများ၊ သံတွဲနှင့် ပေလီမြို့စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ သက်ဆိုင်သူများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့မှရဲမှူးများ၊ ဟိုတယ်လုပ်ငန်းရှင်များနှင့် အုပ်ချုပ်သူများ၊ ဧည့်လမ်းညွှန်များနှင့် ခရီးသွား လုပ်ငန်းဆိုင်ရာ တတ်ကျွမ်း ပညာရှင်များ၊ စားသောက်ဆိုင်နှင့် ဈေးဆိုင်ပိုင်ရှင်များ၊ ငါးဖမ်းလုပ်သားများနှင့် ဒေသခံရွာသူရွာသားများပါဝင်သည်။ အလုပ်ရုံဆွေးနွေးပွဲအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးမင်းအောင်မှ အဖွင့်အမှာစကားပြောကြားကာ "ပေလီဒေသတွင် တာဝန်ယူမှု ရှိသော ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်အတွက် တစ်ခုတည်းသောနည်းလမ်းမှာ ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ လုပ်ကိုင်နိုင်သည်" ဆိုသည့် အချက်ကို ထည့်သွင်းပြောကြားသွားသည်။

အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ခဲ့သူတို့သည် ပေလီဒေသ၏ ခရီးသွားလုပ်ငန်းအတွက် အဓိကစိုးရိမ်ပူပန်သည့် အချက်များကို မဲပေးသည့်စံနစ်ကိုသုံးကာ ဆန္ဒပြုဖော်ပြခဲ့ကြသည်။ တက်ရောက်လာသူများအနက် အများစု ဖြစ်သည့် တက်ရောက်လာသူများ၏ ၂၉ ရာခိုင်နှုန်းက သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်ကို ၄င်းတို့ စိုးရိမ် ပူပန်မှုအဖြစ် ဖော်ပြကြပြီး၊ တက်ရောက်လာသူများ၏ ၂၁ ရာခိုင်နှုန်းက ရပ်ရွာလူထုအတွက် အကျိုးရရှိမှု နည်းပါးခြင်းနှင့် ၁၅ ရာခိုင်နှုန်းကမူ ဆုံးဖြတ်ချက်ချမှတ်ရာတွင် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်နိုင်မှု နည်းပါးခြင်းသည် ၄င်းတို့စိုးရိမ်သည့် အဓိကအချက်များဖြစ်ကြောင်း ဖော်ပြခဲ့ကြသည်။ သဘာဝပတ်ဝန်းကျင် ဆိုင်ရာကိစ္စရပ်များအနက် လတ်တလောအရေးတကြီးကိုင်တွယ်ဖြေရှင်းသင့်သည့်ကိစ္စရပ်များကို မဲစံနစ်ဖြင့် ရွေးချယ်စေခဲ့ရာ တက်ရောက်လာသူများ၏ အများစုဖြစ်သည့် ၃၄.၅ ရာခိုင်နှုန်းက အမှိုက်များအား စနစ်တကျ စီမံခန့်ခွဲမှုကိစ္စရပ်ကိုလည်းကောင်း၊ တက်ရောက်လာသူများ၏ ဒုတိယအများဆုံးဖြစ်သည့် ၂၃.၅ ရာခိုင်နှုန်းက သဲထုတ်ယူမှုကိစ္စရပ်ကို လတ်တလောဖြေရှင်းသင့်ပါကြောင်း ဖော်ထုတ်ခဲ့ကြသည်။ တရားမဝင် ငါးဖမ်းသည့်

နည်းလမ်းများဖြစ်သည့် - မိုင်းခွဲငါးဖမ်းယူမှု၊ ဓါတုဗေဒဆေးများချကာ ဖမ်းယူမှုကိစ္စရပ်များနှင့် ရေနှင့်ရေဆိုးစီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များကိုလည်း ယခုအလုပ်ရုံဆွေးနွေးပွဲတွင် ထည့်သွင်းဆွေးနွေးခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မြေယာအသုံးချမှုနှင့် ဇုန်ဧရိယာသတ်မှတ်ခြင်းဆိုင်ရာ အကြောင်းအရာများကိုလည်း ဆွေးနွေးခဲ့ကြသည်။ တက်ရောက်သူများအနက် လေးပုံပုံ သုံးပုံက ငပလီခရီးသွားလုပ်ငန်းကဏ္ဍကို ပင်လယ်ကမ်းခြေတစ်လျှောက် ခရီးသွားလုပ်ငန်းဧရိယာတိုးချဲ့ခြင်းကို လက်ရှိခရီးသွားလုပ်ငန်းလုပ်ကိုင်ရာ နေရာကွက်ကွက်လေးတွင် အထပ်မြင့်အဆောက်အအုံများဆောက်လုပ်ခြင်းထက် ပို၍လိုလားကြသည်။ မြေနေရာနှင့်ပတ်သက်၍ အဓိကကိစ္စရပ်များကို ရွေးချယ်စေခဲ့ရာတွင် တက်ရောက်သူများ၏ ၂၃ ရာခိုင်နှုန်းက မြေနေရာပိုင်ဆိုင်မှုအတွက် အထောက်အထားမရှိခြင်း၊ ၂၀ ရာခိုင်နှုန်းက သတင်းအချက်အလက်များ ထုတ်ပြန်ရရှိမှုအားနည်းခြင်းနှင့် ၁၇ ရာခိုင်နှုန်းက မြေယာများအဓမ္မသိမ်းယူခြင်းနှင့် အခြား ၁၇ ရာခိုင်နှုန်းကလည်း ကမ်းခြေအား အများပြည်သူအသုံးပြုနိုင်ခြင်းကိစ္စရပ်များကို မဲဆန္ဒပြုခဲ့ကြသည်။ အထူးသဖြင့် ဟိုတယ်တစ်ခုနှင့်တစ်ခုအကြား အများပြည်သူများကမ်းခြေသို့ ဝင်နိုင်ထွက်နိုင်သည့် လမ်းမြေဧရိယာချန်ရန် တရားဝင်သတ်မှတ်ထားသော်လည်း အချို့သောဟိုတယ်များသည် ကပ်လျက်ဝင်ထွက်လမ်းချန်ရမည့် မြေနေရာကိုပါပိတ်ဆို့ကာ ၎င်းတို့ပိုင်သည့်မြေဧရိယာအဖြစ် ထည့်သွင်းသတ်မှတ်ကျော်လွန်ကာယူထားသည့် ကိစ္စရပ်များရှိသည်ကိုလည်း တွေ့ရှိရသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ဘာလီ(အင်ဒိုနီးရှားနိုင်ငံ)၊ စီဘူး(ဖိလစ်ပိုင်နိုင်ငံ)နှင့် ဟေလောင်းပင်လယ်အော်(ဗီယက်နမ်နိုင်ငံ)စသည့် ပင်လယ်ကမ်းခြေဒေသများအတွက် ကမ်းခြေခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးတွင် လုပ်ကိုင်ခဲ့ကြသော နိုင်ငံတကာမှကျွမ်းကျင်ပညာရှင်များကလည်း ၎င်းတို့၏အတွေ့အကြုံများကို တင်ပြဆွေးနွေးခဲ့ကြသည်။ အဆိုပါခရီးသွားဒေသများသည် ယခု ငပလီကမ်းခြေဒေသတွင်ကြုံတွေ့နေရသော ကိစ္စရပ်များဖြစ်သည့် - သဲထုတ်ယူခြင်း၊ စွန့်ပစ်အမှိုက်များအားစီမံခန့်ခွဲမှုညံ့ဖျင်းခြင်းနှင့် တရားမဝင်သည့်နည်းလမ်းများဖြင့် ငါးဖမ်းခြင်းလုပ်ငန်းများအစရှိသည့်ကိစ္စရပ်များကို ယခင်ကတွေ့ကြုံခဲ့ကြရသည်။ အချို့သောကိစ္စရပ်များတွင် အစိုးရအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဒေသခံလူမှုအဖွဲ့အစည်းများ အတူတကွပူးပေါင်းကာ ၎င်းတို့၏နေရာဒေသများအား အတူတကွ စီမံခန့်ခွဲခြင်းအားဖြင့်ကြုံတွေ့နေရသော အခက်အခဲကိစ္စရပ်များအား ဖြေရှင်းနိုင်ခဲ့ကြသည်။ အချို့သောနေရာများတွင်လည်း နေရာဒေသအလိုက်စီမံခန့်ခွဲမှုအစီအစဉ်များကို သက်ဆိုင်ရာနယ်ပယ်အသီးသီးမှအကျိုးလိုလားသူများ ပူးပေါင်းလုပ်ဆောင်မှုမှတဆင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြသည်။ ဥပမာအားဖြင့် မြန်မာနိုင်ငံတွင် အင်းလေးကန်ဒေသသည် "ဒေသအလိုက် စီမံခန့်ခွဲမှု" အစီအစဉ်ရှိသည့် တစ်ခုတည်းသော ခရီးသွားဒေသဖြစ်သည်။

Hanns Seidal Foundation နှင့် မြန်မာနိုင်ငံရှိတာဝန်သိခရီးသွားလုပ်ငန်းအဖွဲ့အစည်း (Myanmar Responsible Tourism Institute) မှလည်း မြန်မာနိုင်ငံအတွင်း Bed and Breakfast သို့မဟုတ် B&B ဟု

ခေါ်သော် တည်းခိုစရာနေရာနှင့် နံနက်စာဝန်ဆောင်မှုပေးသည့် တည်းခိုစရာနေရာများ အကောင်အထည်ဖော်နိုင်ရေး ၎င်းတို့လုပ်ကိုင်ဆောင်ရွက်နေမှုများအား ရှင်းပြကာ B&B ပိုင်ရှင်များအတွက် လက်စွဲစာအုပ်အသစ်အား မိတ်ဆက်ရှင်းပြခဲ့သည်။ မြန်မာနိုင်ငံအတွင်း ယခုဆိုလျှင် လိုင်စင်ရ B&B လုပ်ငန်းများကို သံတောင်ကြီးနှင့် ပအိုဝ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် တွေ့မြင်နိုင်ပါသည်။ အလုပ်ရုံဆွေးနွေးပွဲတွင် မဲခွဲဆန္ဒပြုရာတွင် လေးပုံပုံ သုံးပုံသောတက်ရောက်သူများ အဆိုပြုချက်မှာ ပေလီဒေသတွင်လည်း B&B ကဏ္ဍ ဖွံ့ဖြိုး တိုးတက်ခြင်းကို အလိုရှိသည်ဟုဆိုပါသည်။ တစ်နှစ်တွင် ၁၂ လအနက် ခြောက်လသာ ခရီးသွားလုပ်ငန်း လုပ်ကိုင်နိုင်သည့် ပေလီဒေသအတွက် တစ်နှစ်တာကာလပတ်လုံး အလုပ်ခန့်ထားနိုင်မှုဆိုင်ရာ အခက်အခဲစိန်ခေါ်မှုများနှင့်အတူ ဒေသခံပြည်သူများအား အလုပ်အကိုင်ခန့်ထားပေးနိုင်မှု၊ စွန့်ဦးတီထွင်နိုင်မှုနှင့် စွမ်းဆောင်ရည် မြှင့်တင်မှု အပိုင်းဆိုင်ရာများကို ဆွေးနွေးခဲ့ ကြသည်။

B&B နှင့် ပတ်သတ်၍ Hanns Seidal Foundation မှ မြန်မာနိုင်ငံအတွက် ဌာနေကိုယ်စားလှယ် Achim Munz မှ "B&B *ဆိုသည်မှာ* အပန်းဖြေဖော်တယ်*ကြီးများနှင့် စားသောက်ဆိုင်လုပ်ငန်းခွင်များတွင် လုပ်ကိုင်ခဲ့ကြသော ဒေသခံများအတွက် ကိုယ်ပိုင်စီးပွားရေး*လုပ်ငန်း *စတင်ရန်* ပေါ်ထွက်လာသည့်*အခွင့်အရေးတစ်ရပ်ဖြစ်*သည်။ *တည်းခိုခန်းလုပ်ငန်း*ငယ်များနှင့် B&B လုပ်ငန်းများ*အတွက်* လိုင်စင်လျှောက်ထားခြင်း၊ မှတ်ပုံတင်ခြင်းအတွက် လိုအပ်သည့်လုပ်ငန်းစဉ်များသည် ရှင်းလင်းလွယ်ကူရန်*လိုအပ်*သည်။ *သို့မှသာ* ရှုပ်ထွေးသည့် စည်းမျဉ်း စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းအဆင့်ဆင့်ကြောင့် *ဒေသခံ*များပြည်သူများအတွက် *စီးပွားရေးလုပ်ငန်း*များ စတင်လုပ်ကိုင်နိုင်ရန် *နှောင့်နှေးကြန့်ကြာ*မှုမျိုးကို ရှောင်ရှားနိုင်မည်*ဖြစ်မည်" ဟု ပြောကြားခဲ့သည်*။ ထို့အပြင် ၎င်း*က အလုပ်ရုံဆွေးနွေးပွဲ*တွင် ဆွေးနွေးချက်များအရ *လိုင်စင်*လျှောက်ထားရန် လုပ်ကိုင်ရသည့် လုပ်ငန်းစဉ်တစ်ခုလုံးကို ဗဟိုမှချုပ်ကိုင်ခြင်းမျိုးမဟုတ်ပဲ *ပြည်နယ်အဆင့်* သို့မဟုတ် ဖြစ်နိုင်ပါက *မြို့နယ်အဆင့်အထိ* ဖြေ*လျော့ပေး*ရန် *လိုလားတောင့်တ*နေသည်ကို ထင်ထင်ရှားရှား တွေ့ရှိရပါသည် ဟု ပြောကြားသည်။

မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေးအထောက်အကူပြုဌာန (MCRB)မှ ဒါရိုက်တာ ဗစ်ကီဘိုမန်ကလည်း "ယခုအလုပ်ရုံဆွေးနွေးပွဲသည် နယ်ပယ်အသီးသီးမှ အကျိုးလိုလားသူများအားလုံးအတွက် ပေလီဒေသတွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအပေါ် ၎င်းတို့မြင်တွေ့လိုသည့်ဆန္ဒများကို ထုတ်ဖော်ဖလှယ်ဆွေးနွေးနိုင်သည့် ပထမဦးဆုံးအခွင့်အရေးတစ်ရပ်ဖြစ်ပါသည်။ အစိုးရအသစ်အနေဖြင့် ပေလီဒေသအား ကမ္ဘာ့အဆင့်မီ ခရီးသွားဒေသတစ်နေရာအဖြစ် ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်ရာတွင် သက်ဆိုင်သူများ၏ဆန္ဒများကိုသိရှိရန် လိုအပ်ပါသည်။ နေရာဒေသစီမံခန့်ခွဲခြင်းအစီအစဉ်များရေးဆွဲရာတွင် သက်ဆိုင်သူအားလုံး ပါဝင်သည့် လုပ်ငန်းစဉ်ဖြင့် လုပ်ကိုင်ရေးသည် အလွန်ကို အရေးပါသည့် အချက်တစ်ချက်ဖြစ်ကြောင်း" ပြောကြားသည်။

မတူညီသည့် အမြင်များရှိသည်ဆိုသည့် အချက်ကိုရှောင်လွှဲ၍ မရနိုင်သလို၊ လက်မခံနိုင်စရာလည်း မဟုတ်ပေ။ မည်သို့ပင်*ဆိုစေကာမူ* သဲထုတ်ယူမှုရပ်တန့်ရန် လိုအပ်သည့်အချက်သည် *ပေလီ*ကမ်းခြေဒေသ၏ အနာဂတ်ကို *ကာကွယ်*စောင့်ရှောက်နိုင်ရေး *အဓိကကျ*သောအချက်အဖြစ်အများက တညီတညွတ်တည်း

ထုတ်ဖော်သော သဘောထားဖြစ်သည်။ သဲထုတ်ယူမှုရပ်တန့်ရေးနှင့်ပတ်သက်၍ *လွန်ခဲ့သောလ* အနည်းငယ်အတွင်း တိုးတက်မှုအတန်အသင့်ကို တွေ့မြင်နိုင်ပါသည်။ သို့သော် ပေလီ*ကမ်းရိုးတန်း တစ်လျှောက်*တွင် မြင်တွေ့နေရသည့် သဲဖြုပျောက်ဆုံးနိုင်သည်ဆိုသည့် အချက်တစ်ချက်တည်းကိုသာ *အာရုံစိုက်*၍မရနိုင်ပါ။ ကမ်းခြေမှသဲထုတ်ယူခြင်းကြောင့် သဲဖြုများကုန်ဆုံးသွားနိုင်သည့်ကိစ္စအပြင် သဲထုတ်ယူခြင်းကြောင့် ဒေသခံများအတွက် ခရီးသွားလုပ်ငန်းမှ ရရှိနိုင်သောဝင်ငွေရရှိစေနိုင်သော ကမ်းခြေများ ပျောက်ဆုံးခြင်းဖြစ်နိုင်သည့်အနေအထားများကိုပါ ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း ဗစ်ကီဘိုမန်က ဆက်လက်ပြောကြားသွားသည်။

မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေးအထောက်အကူပြုဌာန (MCRB)နှင့် Hanns Seidal Foundation တို့သည် မကြာမီကဖွဲ့စည်းတည်ထောင်ထားသော မြန်မာနိုင်ငံရှိတာဝန်သိခရီးသွားလုပ်ငန်းအဖွဲ့အစည်း (Myanmar Responsible Tourism Institute)နှင့်ပူးတွဲကာ ပေလီဒေသအခြေပြု ခရီးသွားလုပ်ငန်းတွင် ပါဝင်ပတ်သက်သူများအားလုံးကို အလုပ်ရုံဆွေးနွေးပွဲမှ ထွက်ပေါ်လာသည့် ဦးစားပေးလုပ်ကိုင်ရမည့် ကိစ္စရပ်များ အကောင်အထည်ဖော်နိုင်ရန် တိကျသေချာသည့်လုပ်ငန်းစဉ်များ ချမှတ်နိုင်ရေးအတွက် ပံ့ပိုးကူညီသွားမည်ဖြစ်သည်။

***နောက်ခံအကြောင်းအရာ***

*၁။ အထက်ပါ အကြောင်းအရာ တင်ပြချက်များနှင့် အလုပ်ရုံဆွေးနွေးပွဲ အစီရင်ခံစာအား www.mcrb.org.mm တွင် လေ့လာနိုင်ပါသည်။*

*၂။ မြန်မာနိုင်ငံအစိုးရ၏ ၂၀၁၂ တာဝန်ယူမှုရှိသော ခရီးသွားလုပ်ငန်းမူဝါဒနှင့် ၂၀၁၃ ရပ်ရွာလူထု ပါဝင်မှုရှိသော ခရီးသွားလုပ်ငန်း မူဝါဒများ*
*http://www.hss.de/southeastasia/en/myanmar/our-work-in-myanmar.html*
*http://www.hss.de/fileadmin/suedostasien/myanmar/downloads/130530-Community-Involvement-in-Tourism.pdf*

*၃။ မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (MCRB) သည် ခရီးသွားလုပ်ငန်းကဏ္ဍ သက်ရောက်မှု လေ့လာဆန်းစစ်ချက်အား ၂၀၁၅ ဖေဖော်ဝါရီတွင် ထုတ်ဝေခဲ့သည်။ ၎င်းအားလေ့လာရန် http://www.myanmar-responsiblebusiness.org/swia/tourism.html*

*၄။ ယခင်တွင် MCRB နှင့် HSF ပူးတွဲ ၍ တာဝန်ယူမှု ရှိသော ခရီးသွားလုပ်ငန်းကဏ္ဍဆိုင်ရာ ပါဝင်ပတ်သတ်ဆက်နွယ်နေသူများ၏ အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၅ အောက်တိုဘာတွင် နေပြည်တော်တွင်တစ်ကြိမ်၊ ရပ်ရွာလူထုပါဝင်ပတ်သက်သောခရီးသွားလုပ်ငန်း အကြောင်းအရာအား ၂၀၁၅ ဒီဇင်ဘာတွင်တစ်ကြိမ် ပြုလုပ်ခဲ့ပါသည်။*

*၅။ မြန်မာနိုင်ငံရှိတာဝန်သိခရီးသွားလုပ်ငန်းအဖွဲ့အစည်းသည် အကျိုးအမြတ်မဟုတ်သော အဖွဲ့အစည်းဖြစ်ပြီး ၂၀၁၆တွင် ဖွဲ့စည်းခဲ့သည်။ ၎င်း၏ကဏ္ဍမှာ မြန်မာနိုင်ငံတွင် တာဝန်ယူမှုရှိသောခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအား အသိပညာဝေမျှဖလှယ်ခြင်း၊ လေ့ကျင့်ရေးပေးခြင်းနှင့် သုတေသနလုပ်ငန်းများ ပြုလုပ်ခြင်းအားဖြင့် အကူအညီ အထောက်အပံ့ပေးရန်ဖြစ်သည်။ www.myanmarresponsibletourism.org*

**For further information, please contact:**

**English:**

Achim Munz (HSF) - munz@hss.de
Vicky Bowman (MCRB) - vicky.bowman@myanmar-responsiblebusiness.org

**Burmese:**

Wai Phyo Myint (MCRB) - waiphyo.myint@myanmar-responsiblebusiness.org - 09795333831
Thein Than Htay (MCRB) - theinthan.htay@myanmar-responsiblebusiness.org